ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကွမ်းလုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၁-၂၀၂၅)
# ကောင်းကျဲကျေးရွာအုပ်စု၊တာပေဖိန့်ကျေးရွာ

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကောင်းကျဲကျေးရွာအုပ်စု၊တာပေဖိန့်ကျေးရွာ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။

၂၀၂၁ခုနှစ်၊မတ်လ

# မာတိကာ


မာတိကာ ၁

စကားချီး ၃

**(၁) နိဒါန်း** ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

**(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့်  သဘာဝအရင်းအမြစ်များ** ၆

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၇

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

**(၅)  ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေအနေကောင်းများနှင့်အဟန့်အတားများ** ၁၁

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ)  အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၃

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

**နိဂုံး** ၁၄

- တာပေဖိန့်ကျေးရွာ သယံဇာတပြမြေပုံ
- တာပေဖိန့်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- တာပေဖိန့်ကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

**နောက်ဆက်တွဲ**

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄ - ၂၀၂၅ခု၊
ဘဏ္ဍာရေးနှစ်အထိ ( ၅ ) နှစ်တာ ကာလအတွင်း
အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ဖြစ်ပြီး ကျွန်ုပ်တို့ကျေးရွာ၏
ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲ
ထားသည့် ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။
စီမံချက်ဖြစ်မြောက်ရေး
အတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။
စီမံချက်များ
အတွက်အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊
ရာအိမ်မှူးများ၊
ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ၊အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့
ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း
လူထုအင်အား
စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိရှိခဲ့
ြပါ။
ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို
အသုံးပြု၍
ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းလုပ်ဆောင်သည့်
အလေ့အကျင့်ကောင်းတစ်ခုကို
ရရှိနိုင်အောင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို
မြို့နယ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။
ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး
အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်

သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက
အခြားဌာနဆိုင်ရာများ
နှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့
အဖွဲ့အစည်းများမှကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာ
များမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊
လူမှုရေးစသည့်တို့နှင့်
သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို
မြို့နယ်အဆင့်ဌာန
ဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ
ထပ်မံ
ရရှိသည့်ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်ပေးနိုင်မည်ဆိုပါက
ပိုမိုကောင်းမွန်လာမည်
ဖြစ်ပါသည်။ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့်
လုပ်ငန်းဖြစ်ပြီးလုပ်ငန်း
ဆောင်ရွက်နေမှုအား နှစ်အလိုက်ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍
ဦးစားပေး
ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းမှ
ပြုပြင်ပြောင်းလဲမှုများကို
ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

-၄-

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ
စုစည်းဆောင်ရွက်နိုင်ရန်
အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု
ကျွန်ုပ်တို့မျှော်လင့်ပါသည်။
ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု
အခြေအနေများကို
ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း
ယုံကြည်

ပါသည်။

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးတိုးတက်ရေးလုပ်ငန်းကော်မတီ

တာပေဖိန့်ကျေးရွာ

ကွမ်းလုံမြို့နယ်

## ၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည်ကျေးရွာလူထု၊ဦးစီးဌာန၊နိုင်ငံတော်မိတ်ဖက်အဖွဲ့

အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်၊

ကျေးရွာသူ/သားများဖြစ်ချင်သော ဆန္ဒကို ကျေးရွာသူ/သားများကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်

ဆွေးနွေးခြင်းဖြင့် အောင်မြင်သော စီမံကိန်းတစ်ရပ် ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်

ဖြစ်ပါသည်။

### ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင် ပါဝင်ခဲ့ကြ သည်။ မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့် အောင်မြင်စွာ

ရေးဆွဲနိုင်ခဲ့ခြင်းမရှိပေ။ယခု နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ပန်းတိုင်ရောက်ရှိရန် လမ်းစ

ပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးမှူး၊ လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်း

လူကြီးမင်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ ကျွန်တော်တို့အဖွဲ့အစည်းမှရှေ့သို့ တက်လှမ်းနိုင်ခဲ့ပါသည်။

ယခင်ဖွဲ့စည်းပုံနှင့် ကျေးရွာတိုးတက်ရေးမှာနှေးကွေးစွာ ကြန့်ကြာသည့်အပြင် လူမှုရေး၊ စီးပွားရေး၊

အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နှစ်ပြီးတစ်နှစ်

နောက်ကျကျန်ရစ်ခဲ့ပါသည်။လက်ရှိကျေးရွာအားဖွံ့ဖြိုးတိုးတက်နိုင်စေရန် နိုင်ငံတော်ကို တင်ပြနိုင်ခဲ့ခြင်း

ဖြစ်ပါသည်။ကျေးရွာ၏ စီးပွားရေးအင်အားမရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲ

သလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲ

ပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ဆောင်ရွက်
သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်

များပြုစုရန် အရေးကြီးပုံကို အလေးထားမိပါသည်။ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်

အထည်ဖော်ရန်နှင့်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။
ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီ

များက စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စု

အဆင့်၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြမည်ဖြစ်ပါသည်။

-၆-

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့

ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့

ကျေးရွာနှင့်ဆိုင်သော ၎င်းတို့ ၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်

တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို
အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်

ဖြင့်ရေးဆွဲပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး

အခက်အခဲ၊ နည်းပညာအခက်အခဲများရှိပါသည်။ သို့ဖြစ်ပါ၍
လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား
အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်

မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏
စွမ်းရည်နှင့်လိုအပ်သောအရင်အနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင်
တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဥ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

တာပေဖိန့်ကျေးရွာသည် ချင်းရွှေဟော်-လောက်ကိုင်ပြည်ထောင်စု
ကားလမ်းမကြီး

ဘေးတွင် တည်ရှိပါသည်။ သွားရေးလာရေးမှာ ဆောင်းရာသီ၊ နွေရာသီတွင် လွယ်ကူ၍
မိုးရာသီတွင်

သွားရေးလာရေးခက်ခဲပါသည်။ ကျေးရွာသည် တောင်စောင်းဒေသပေါ်တွင် တည်ရှိပြီး
မြေပြန့်

အနည်းငယ်သာရှိပါသည်။မြေဆီလွှာအနေအထားမှာမြေနီနွံ့စေးမြေများဖြစ်ပါသည်။စိုက်ပျိုးရေးကို
အဓိက

လုပ်ကိုင်ကြပြီး မြေဩဇာကောင်းမွန်မှု အလယ်အလတ်ရှိသောကြောင့် ရာဘာ၊ ပြောင်း၊ပဲ၊ဖရုံ၊
ငရုပ်၊ကြံ၊

စပါး၊အာလူးစသည့် သီးနှံများအား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

မြေဆီ၊မြေဩဇာကောင်းမွန်မှု အလယ်အလတ်ရှိသောကြောင့် ဒေသနှင့်ကိုက်ညီမည့်
အခြား
ဈေးကွက်ကောင်းမွန်သော သီးနှံများစိုက်ပျိုးရေးအတွက် မျိုးစေ့ရရှိရေး ၊ စိုက်ပျိုးရေး
အသိပညာ
ဗဟုသုတများရရှိပါက သီးနှံများအား ပိုမိုစိုက်ပျိုးလာနိုင်ပြီး
ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်
ဖြစ်ပါသည်။



## ၃။ ကျေးရွာ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုပေါင်း

(၈၀)စုရှိ၍ ကျား (၂၆၅)ဦး၊ မ (၂၂၆)ဦး ရှိပြီး စုစုပေါင်း လူဦးရေ(၄၉၁) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်

ပျမ်းမျှ ( ၆ ) ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ပြီးအလုပ်လုပ်နိုင်

သည့်အရွယ်သည် ကျေးရွာလူဦးရေအားလုံး၏(၇၀%)ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးအရေအတွက်

အချိုးညီပါသည်။ လုပ်ကိုင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုလာနိုင်စေမည်ဖြစ်ပါသည်။

**(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု**

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရ စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထား

မှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာရှိ နှစ်ရှည်ရာဘာမရရှိသော ရာဘာစေးအား တရုတ်နိုင်ငံသို့

တင်ပို့ရောင်းချနိုင်မှုကြောင့် တရုတ်ငွေဈေး အတက်အကျပေါ်မူတည်သောကြောင့် စီးပွားရေး

အသင့်အတင့်ကောင်းပါသည်။ပဲသီး၊စပါး၊ကြံနှင့်ဖရုံဈေးကွက်သည်လည်းသီးနှံအထွက်နှုန်းနှင့်ဈေး ကွက်

ဝင်မှုအပေါ်မူတည်၍ အသင့်အတင့်ကောင်းမွန်သောကြောင့် စီးပွားရေးအဆင်ပြေမှုရှိလှသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်းလုပ်ငန်းများလုပ်ကိုင်

သကဲ့သို့ လောက်ကိုင်မြို့ နန်ဆန်မြို့နှင့် မိန်းတိန်မြို့စသည့် အခြားနယ်စပ်ဒေသများသို့ အလုပ်အကိုင်

ရှာဖွေ၍ သွားရောက်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်လက်လုပ်လက်စားများ ရှိသော်လည်း ၎င်းတို့၏

ဝမ်းစာဖူလုံမှုအခြေအနေကို ကိုယ်တိုင်ဖြေရှင်း ဆောင်ရွက်နိုင်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင် ကျေးရွာမှ(၄ )ဖာလုံခန့်
ကွာဝေးသော
နမ့်ဟူးကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သို့ သွားရောက်၍
ဆေးကုသမှု
ခံယူရပါသည်။မိုးရာသီတွင် ဝမ်းပျက်၊ဝမ်းလျှောရောဂါများ
အဖြစ်များပါသည်။အာဟာရအနေဖြင့်ကျေးရွာ
အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား/သူများအား လစဉ် အာဟာရတိုက်ကျွေးခြင်း
လုပ်ငန်း
များအားဆောင်ရွက်ပေးပါသည်။



(င) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာတွင် စာသင်ကျောင်းမရှိသေးပါ။ ကျေးရွာသူ / သားများသည်
အခြေခံအရေး ၊ အဖတ် ၊ အတွက် ၊ အချက် အနည်းငယ်မျှသာ တတ်မြောက်ကြပြီးဘွဲ့ရ
ပညာအရည်အချင်း အနေဖြင့်
မရှိသေးပါ။ကျေးရွာတွင် ကိုးကန့်တိုင်းရင်းသားလူမျိုး အများအပြား
နေထိုင်ကြသည့်အတွက်မျိုးဆက်သစ်
ကျောင်းသား/သူများအနေဖြင့် မြန်မာစာပေနှင့်တရုတ်စာပေများ
တတ်မြောက်နိုင်ရန်ကောင်းကဲ့ကျေးရွာ
ရှိ မူလွန်ကျောင်း၌ တက်ရောက်သင်ကြားလျက် ရှိပါသည်။ သို့သော်
အသက်မွေးဝမ်းကျောင်းလုပ်ငန်း
များဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက်
ကျွမ်းကျင်မှုအခြေခံသည့်
အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း နည်းပါးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ရပ်ရေးရွာရေး

ကျေးရွာ၏ ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်း(၃)ခုမှ ပုဂ္ဂိုလ်များ
ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ရွာသူ/သားများမှာလည်း မည်သည့်လုပ်ငန်းကိုမဆို
စည်းလုံးညီညွတ်

စွာဖြင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများလည်း

တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း အဖွဲ့အစည်းများ

အလိုက် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင်

ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ကျေးရွာတွင်ရပ်မိရပ်ဖအဖွဲ့များ၊ကျောင်းကော်မတီအဖွဲ့များနှင့်မီးလင်းရေးအဖွဲ့တို့သည်ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများဖြစ်ကြသည်။ကျေးရွာတွင်သာရေးနာရေး၊

လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုး

ရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့များသည် လက်ရှိကာလတွင် မရှိသေးပါ။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။



**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ကျေးရွာ၏ အဓိက

စိုက်ပျိုးသီးနှံသည် ရာဘာ၊ ပြောင်း စသည့် နှစ်ရှည်ဥယျာဉ်ခြံမြေများ လုပ်ကိုင်ခြင်းဖြင့် အသက်မွေး

ဝမ်းကျောင်း ပြုကြပါသည်။ ဆောင်းရာသီတွင် ပဲသီး၊ဖရုံ၊ပြောင်း၊အာလူးသီးနှံအား စိုက်ပျိုးကြပါသည်။

စပါးနှင့်ဂျုပ် များလည်း စိုက်ပျိုးကြပါသည်။ကျေးရွာတွင် လယ်မြေ(၁၈.၂၀)ဧကခန့်ရှိပြီး တောင်ယာမြေ

(၅၆)ကေခန့်နှင့် နှစ်ရှည်ဥယျာဥ်ခြံမြေ(၇)ကေခန့်ရှိပြီး
တစ်နှစ်လျှင်ပြောင်းအထွက်နှုန်း(၁၆၈၀၀၀)kgခန့်

ထွက်ရှိပါသည်။ ရာဘာအထွက်နှုန်းမှာ ကျင်( ၆၇၂၀၀)ခန့် ထွက်ရှိပါသည်။
ပြောင်းသီးနှံအနေဖြင့် ဈေးကောင်းရရှိမှုနည်းသောကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးသည်။
မိရိုးဖလာစိုက်ပျိုးလာသော သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ
ရွေးချယ်စိုက်ပျိုးနိုင်ခြင်း မရှိပါ။

တောင်သူများသီးနှံထုတ်လုပ်မှုသည် ဝင်ငွေနည်းသည့်အတွက် သီးနှံထုတ်လုပ်မှုတွင်
လုပ်သားရှားပါး

လာပါသည်။နွားမွေးမြူရေးနှင့် ကြက်၊ ဝက်များကို စီးပွားဖြစ် မွေးမြူကြသူ မရှိပါ။

**(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သောက်သုံးရေသုံးစွဲနိုင်ရန်
မိုးရေ
လှောင်ကန်များကိုသာ အဓိက အားပြုသုံးစွဲနေရကြောင်းနှင့် ကျေးရွာတွင်
လက်တူးတွင်း(၁)တွင်းမှ သုံးစွဲနေကြရပါကြောင်း တွေ့ရှိရပါသည်။နွေရာသီနှင့်
ဆောင်းကာလများတွင် သောက်သုံးရေခက်ခဲ၍ ရေလုံလောက်မှု မရှိပါ။ စာသင်ကျောင်းလည်း
မရှိပါသေးပါ။ တာပေဖိန့်ရွာ နှင့်အနီးတွင် ရှိသော ကောင်းကဲ့ကျေးရွာရှိ မူလတန်းလွန်ကျောင်း၌
သွားရောက်၍ ပညာသင်ကြားကြသည်။ ကျေးရွာတွင်
ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မရှိသေးပါ။ ကျေးရွာမှ (၄)ဖာလုံခန့် ကွာဝေးသော
နမ့်ဟူးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သို့ သွားရောက်၍ ဆေးကုသမှုခံယူကြရပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ဒေသခံတောင်သူလယ်သမားများအတွက်
ငွေကြေး

လက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိပါ။

**(င) ပညာရေး**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာ ရှိပါသည်။
အခြေခံအရေး၊

အဖတ်၊ အတွက်အချက်တို့ကိုသာ တတ်မြောက်ကြပြီး မြန်မာအတန်းစာပေထက်
တရုတ်စာပေကိုသာ

ပို၍အလေးထား သင်ကြားလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ကျေးရွာတွင်
စာသင်ကျောင်းမရှိပါ။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်မှု အားနည်းနေခြင်းဖြစ်သည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ

ဖြစ်ပွားမှုနည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး

လူငယ်လူကြီးများတွင်မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ မိသားစုဝမ်းစာအတွက် နေ့စဉ်

ဝင်ငွေရရှိအောင် အလုပ်အကိုင်အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့်အဆင်ပြေပြီး ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရချို့တဲ့မှု

မရှိကြပါ။အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၄)ဖာလုံခန့်ကွာဝေးသော

နမ့်ဟူးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သို့သွားရောက်၍ ဆေးကုသမှုခံယူကြရပါသည်။ကလေး

သူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို မြို့နယ်ကျန်းမာရေး

ဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ တောင်ယာမြေများသည် မြေနီနုံ့စေးဖြစ်၍ စပါး၊ငရုပ်၊ပြောင်းဖူးစိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်း ဓါတ်မြေသြဇာများအသုံးပြုခြင်း၊သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်း

နိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ ရာဘာစိုက်ပျိုးရာတွင် ချုံနွယ်

ပိတ်ပေါင်းများရှင်းလင်းရန် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ အသုံးပြုရခြင်းနှင့် ရာဘာအစေး

အထွက်နှုန်း တိုးအောင် ဓါတ်မြေဩဇာများစွာ အသုံးပြုရခြင်းတို့ကြောင့်
သဘာဝပတ်ဝန်းကျင်ကို

အနည်းငယ်ထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင်
ဓါတ်ကြွင်းအန္တရာယ်လျော့ပါးခြင်း

အတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်
အားနည်းနေသေး

ကြောင်း တွေ့ရှိရပါသည်။

**(ဧ) ကျား-မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျှော်၊



ရေခပ်၊ ကလေးထိန်းခြင်းစသောကိစ္စများဆောင်ရွက်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် ရာဘာအစေးခြစ်ခြင်းနှင့် အစေးသိမ်းခြင်းလုပ်ငန်းတို့အား လုပ်ကိုင်ကြပြီးရရှိသော

ရာဘာစေးများအား သိမ်းဆည်းပြီး ချင်းရွှေဟော်သို့ သွားရောက်ရောင်းချခြင်းများ
ဆောင်ရွက်ကြသည်။

လုပ်ကိုင်ကြသည်။ကိုးကန့်လူမျိုးအများစုမှာ မိရိုးဖလာနတ်ကိုးကွယ်ယုံကြည်မှုအား
သက်ဝင်ယုံကြည်

ကြပြီး နေ့ကြီးရက်ကြီးအခါရက်များတွင် အများသူငှာစုပေါင်း၍ ပူဇော်ပသခြင်းမရှိကြဘဲ
မိမိတို့

အိမ်၌တွင်သာ မိသားစုဝင်များနှင့်အတူ
ဆောင်ရွက်ခြင်းပြုကြပါသည်။ရပ်ရေးရွာရေးကိစ္စများ၊သာ/နာရေး

ကိစ္စရပ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများ အတူတကွစုပေါင်း
ဆောင်ရွက်လေ့ရှိကြသည်။

အမျိုးသမီးများထက် အမျိုးသားများက လုပ်အားခပိုမို ရရှိကြပါသည်။
ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင်
အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။မူလတန်း

ကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျားမတန်းတူ အခွင့်အရေးရှိပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတား များနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာ၏မူလရွာအလယ် မြေသားလမ်းတည်ရှိခြင်း၊

လမ်းအကျယ်ချဲ့ရန် လိုအပ်ပါက ကျေးရွာမှ လမ်းအကျယ်ပေးနိုင်ခြင်း၊ ကျေးရွာမှ လုပ်အားဖြင်း စုပေါင်း

ပါဝင်နိုင်ခြင်း၊ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်နိုင်ရန် တတ်ကျွမ်းသည့် အတတ်ပညာရှင်

များရှိခြင်း၊ ကျေးရွာမှထွက်ရှိသော ရာဘာနှင့် ပြောင်းသီးနှံများ သယ်ယူပို့ဆောင်ရာတွင် ၎င်းလမ်းအား

အများဆုံး အသုံးပြုရခြင်း၊ကျေးရွာလူထုထံမှ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့်ရေတွင်းလက်တူး

တွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ထိုက်သင့်သောငွေကြေးများ စုဆောင်းထားရှိ

သော်လည်း ငွေကြေးမလုံလောက်ခြင်း နည်းပညာပိုင်းဆိုင်ရာလက်လှမ်းမီမှု အားနည်းခြင်းနှင့်မိုးတွင်း

အချိန်အခါကိုသာ အားထား၍ ရေကိုသိုလှောင်ပြီး အသုံးပြုနေရခြင်း၊ နွေရာသီနှင့်ဆောင်းကာလတို့တွင်

သောက်သုံးရေလုံလောက်မှုမရှိပါ။ထို့အပြင် ကျေးရွာလမ်းကော်မတီနှင့်ရေကော်မတီ နှစ်ရပ်ဖွဲ့စည်းထားမှု

မရှိသေးခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။



**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာ၏မူလရွာအလယ် မြေသားလမ်းတည်ရှိခြင်း ၊ လမ်းအကျယ်ချဲ့ရန်လိုအပ်ပါက ကျေးရွာမှ လမ်းအကျယ်ပေးနိုင်ခြင်း၊ ကျေးရွာမှ လုပ်အားဖြင့် စုပေါင်း

ပါဝင်နိုင်ခြင်း၊ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်နိုင်ရန် တတ်ကျွမ်းသည့် အတတ်ပညာရှင်

များရှိခြင်း၊ ကျေးရွာမှထွက်ရှိသော ရာဘာနှင့် ပြောင်းသီးနှံများ သယ်ယူပို့ဆောင်ရာတွင် ၎င်းလမ်းအား

အများဆုံး အသုံးပြုရခြင်း၊ စသည့်အထောက်အပံ့ကောင်းများ ရှိနေသောကြောင့် ကျေးရွာတွင်းလမ်း

ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတွက်များစွာ အဆင်ပြေမှုရှိပါသည်။ရေတွင်းတူးခြင်း လုပ်ငန်းအတွက်လည်းရေထွက်နေရာအား မြေပိုင်ရှင်မှ မြေနေရာလှူဒါန်းမှု ပြုလုပ်ပေးနိုင်ခြင်းတို့ကြောင့်

ကျေးရွာလူထုမှလည်းသောက်သုံးရေအား လုံလောက်စွာ အသုံးပြုနိုင်ကြမည်ဖြစ်သည်။ ကျေးရွာလူထုမှ

လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းပါသည်။နည်းပညာပိုင်းဆိုင်ရာနှင့် ငွေကြေး

ထောက်ပံ့မှုများ လက်လှမ်းမီမှုရှိပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတွက်သော်

လည်းကောင်း၊ ကျေးရွာ၏ကဏ္ဍအသီးသီးမှ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေများတွင် လည်းကောင်း

လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့ ဖြစ်စေပါမည်။

**(ခ) အဟာန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုထံမှ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

နှင့်လက်တူးတွင်းတူးခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်ရန် ထိုက်သင့်သော ငွေကြေးများစုဆောင်း

ထားရှိသော်လည်း လုံလောက်မှုမရှိသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင်းလမ်း

ကွန်ကရစ်ခင်းခြင်းနှင့် ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ရန်အတွက် ပံ့ပိုးမှုငွေကြေး အခက်အခဲများရှိခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာနှင့် လက်လှမ်းမီမှု အားနည်းခြင်း စသည့်အချက်များကြောင့်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား ဖြစ်စေပါသည်။

၆။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူမှုရေး စသည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ



ဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သော ကျေးရွာတွင် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း

ဆောင်ရွက်လာနိုင်သောကြောင့် ကျောင်းသား/သူများအနေဖြင့် ကျောင်းတက်ရာတွင် အလွယ်တကူ

သွားလာနိုင်ခြင်း၊ ကျေးရွာထုတ်ကုန်များအား အလျှင်အမြန် တင်ပို့ရောင်းချနိုင်ခြင်း၊ သယ်ယူပို့ဆောင်

ရာတွင် လွယ်ကူချောမွေ့စွာ လိုရာအရောက် ပို့ဆောင်နိုင်ခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားအခြေ

အနေများ ပိုမိုကောင်းမွန်လာမည်ပြီး ကျေးရွာရေရရှိရေးအတွက် လက်တူးတွင်း(၁)တွင်း တူးဖော်နိုင်သော

ကြောင့် ရေမလုံလောက်မှု ပြသာနာအားလည်း ဖြေရှင်းပြီးဖြစ်မည် ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

**ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-**

ကျေးရွာတွင် နည်းပညာပိုင်းဆိုင်ရာနှင့်၊ ငွေကြေးထောက်ပံ့မှုများ ရရှိရေးတို့ကို

ဆောင်ရွက်ပြီးကျေးရွာသူ/ သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာတွင်းလမ်းကွန်ကရစ်

ခင်းခြင်းလုပ်ငန်းနှင့် လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်။

**နိဂုံး**

ကျေးရွာလူထု၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု

၏ ပူးပေါင်းပါဝင်မှုရရှိရေး၊လိုအပ်သောအထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်

ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်

ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါ
လုပ်ငန်းများကိုလည်း(၅)နှစ်တာကာလအတွင်းအောင်မြင်ပြီးမြောက်

အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကအေးဖို့ ကျေးရွာ၏ သဘာဝသယံဇာတပြ မြေပုံ

ရက်စွဲ၊ ၁၀.၁.၂၀၂၁

မ

န — ရ

တ



အညွှန်း

- နတ်စင်
- အများသုံးရေတွင်း
- လူနေအိမ်
- ကျကာပင်
- နမ့်တိမ်ချောင်း
- ပြည်ထောင်စုလမ်းမကြီး
- စိုက်ခင်း

ကောင်းကျ ကျေးရွာအုပ်စု၊ ကာလသဖိ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ၊ ၆.၁.၂၀၂၃

| အဖြစ်အပျက် | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ်လ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  နှင်းကျ |  နှင်းကျ |
| စားလုပ်မှုအလုပ် | ပဲသီးနှံ | ပဲသီးနှံ | ပဲသီးနှံ | ပဲကိုင်းသိမ်း | ပဲကိုင်းသိမ်း | မြေဆင်း၊ စပါး၊ ပဲ စိုက် | ပေါင်းမြက် မြေဩဇာ | ပဲသီးနှံ | ပေါင်းမြက် စပါးရိတ် | ပဲပင် အစေ့ချ | ပဲပင် ကိုင်းတောင် | မြေဩဇာ ပေါင်းမြက် |
| သက်ရှုလမ်းကြောင်း ဖိအားများ ဝင်ငွေ ရရှိမှု (များ/နည်း/များ) | ဝင်ငွေ များ | ဝင်ငွေ များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | မရှိ | နည်း | နည်း |
| အသုံးစရိတ် | $$ | $$$$ $$ | $$$$ $$ | $$ | $$ | $$ | $$ | $$ | $$$ | $$ | $$ | $$ |
| ချေးငွေရယူမှု | | | | | | | | | | $$$ | $$$ | |
| ဝမ်းလျှောဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား | ဖျား |
| ရေလှောင်ကန်ရေရရှိမှု |  |  |  |  |  |  |  |  |  |  |  |  |
| ဆိုးရွားသောရောဂါကျရောက်မှု | | | | | ရောဂါကျ | ရောဂါကျ | ရောဂါကျ | | | | | |

ကောင်းကျဲကျေးရွာအုပ်စု၊ တာပေဖိန့်ကျေးရွာ၏ ကျေးရွာတွင်း / ပြင်ပ အဖွဲ့အစည်းများပြပုံ



**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၁ | ၄ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၃ | ၁၅ | ၃၈ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၃၁ | ၆၅ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၂၉ | ၅၉ | ၁ | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၅၄ | ၁၂၆ | ၂၈၀ | ၃ | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၂၄ | ၄၅ | - | ၁ |
| **စုစုပေါင်း** | | **၂၆၅** | **၂၂၆** | **၄၉၁** | **၄** | **၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၀ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။။ တာပေဖိန့်ကျေးရွာအနေဖြင့်** အလုပ်လုပ်နိုင်သည့် အရွယ်များသည် ကျားမ

တန်းတူ အလုပ်လုပ်ကိုင်နိုင်ကြပြီး အခြားအရပ်ဒေသများသို့လည်း အလုပ်သွားရောက်

လုပ်ကိုင်ကြသူ အနည်းငယ်ရှိပါသည်။

(၁)　အလုပ်လုပ်နိုင်သူအင်အား

(၁-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | ၁၄၇ | ၂ | | ၂ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၁၁၁ | - | | | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရွေးချယ်စရာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၁၀ | - | ၅ | ၅ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၈ | ၂၆၈ | ၂ | ၆ | ၆ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။**"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** တာပေဖိန့်ကျေးရွာတွင် ရာဘာ ၊ပဲ ကြီ၊ ပြောင်း၊ ဖရုံ စသည့်စိုက်ပျိုးရေး

လုပ်ငန်းများ လုပ်ကိုင်ကြပြီး ကိုယ်ပိုင်ဝင်ငွေရရှိကြ၍ လုပ်လက်လုပ်စား လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

**လေ့လာတွေ့ရှိချက်။။** ကျား၊ မ လုပ်အားခ တန်းတူ မပေးချေပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၈.၂၀ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၁.၂၀** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** ယာမြေစိုက်ပျိုးလုပ်ကိုင်သူများလည်းရှိပြီး ဥယျာဉ်ခြံမြေ၊ ကိုင်း/ကျွန်းမြေ

များတွင် စိုက်ပျိုးလုပ်ကိုင်သူအများအပြားရှိပြီး မြေဆီလွှာ အနေအထားမှာအသင့်အတင့်ကောင်းမွန်ကြောင်း

လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်** … **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ် စသည့်များ အနည်းငယ်ရှိသော်လည်း ထုတ်ယူရန် အသင့်အတင့်သာခက်ခဲ

သောကြောင့် ထုတ်ယူသူနည်းပါးကြောင်းနှင့် သဘာဝ အပင်မျိုးစိတ်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေ ာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း☑ | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း☑ | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ☑ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း☑ | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၃၅ | ၃၀ | ၅ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ တာပေဖိန့်**ကျေးရွာအနေဖြင့် ဥစ္စာဓနအဆင့်အခြေအနေ အဆင်ပြေသော အိမ်ထောင်စုရှိသကဲ့သို့ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာလည်း ကြိုးစားရုန်းကန် နေကြရပါသည်။မပြေလည်သောအိမ်ထောင်စုများမှာ အမျိုးအမျိုးအဖုံဖုံ ဘဝကို လှုပ်ရှားရုန်းကန်
နေကြရပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည်လည်း နေ့မအား ညမအားဖြင့် ဘဝကို လှုပ်ရှား ရုန်းကန် နေကြရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့်**

“၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___☑________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** တာပေဖိန့်ကျေးရွာတွင် သားသမီးစောင့်ရှောက်မှု မရှိသောသက်ကြီးရွယ်အိုများ မရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို တစ်ခုလပ် အိမ်ထောင်စုလည်းမရှိပါ။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်သည့် အိမ်ထောင်စု မရှိပါ။ ကိုယ့်ရပ်ကိုယ့်ရွာတွင် လုပ်ကိုင်စားသောက်နေကြပါသည်။

**(ဂ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

